စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
(၃၇)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီ
ဓာတ်ပုံနှင့် ဗွီဒီယိုရိုက်ကူးရေး ဆပ်ကော်မတီ
ရေဆင်း၊ နေပြည်တော်

စာအမှတ်၊ ၁၉၄၃၊ ဘ-၂၂၀၂၅
ရက်စွဲ။ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ( ၁၃ )ရက်

အကြောင်းအရာ။ **ဓာတ်ပုံနှင့်ဗွီဒီယိုရိုက်ကူးလိုသူများအား တင်ဒါလျှောက်လွှာခေါ်ယူခြင်း**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ (၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ (၇)ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဓာတ်ပုံနှင့်ဗွီဒီယိုကို ကန်ထရိုက်စနစ်ဖြင့် ရိုက်ကူးလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဈေးပြိုင်တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဓာတ်ပုံနှင့်ဗွီဒီယိုရိုက်ကူးရေးသတ်မှတ်ချက်များ

၁။ ဘွဲ့ယူမည့်သူခန့်မှန်းခြေ

| စဉ် | ဘွဲ့အမျိုးအစား | ဦးရေ |
|---|---|---|
| ၁ | PhD | ၃ |
| ၂ | MVSc | ၁၂ |
| ၃ | MASc | ၆ |
| ၄ | DVM | ၅၅ |
| ၅ | BASc | ၅၀ |
| | စုစုပေါင်း | ၁၂၆ |

၂။ ဘွဲ့နှင်းသဘင်ခန်းမနှင့် ခန်းမရှေ့ပရဝုဏ်အတွင်း မည်သူ့ကိုမျှ ကိုယ်ပိုင်ကင်မရာ၊ လက်ကိုင်ဖုန်းများဖြင့် ဓာတ်ပုံ၊ ဗွီဒီယိုရိုက်ကူးခွင့် ပြုမည်မဟုတ်ပါ။

၃။ ကန်ထရိုက်ယူလိုသူများသည် ဗွီဒီယိုရိုက်ကူးရေးလုပ်ငန်းကိုပါ ပူးတွဲတာဝန်ယူနိုင်ရမည်။

၄။မယူမနေရဓာတ်ပုံအရေအတွက်မှာ(DVM)နှင့်(BASc)ဘွဲ့များအတွက်အစမ်းလေ့ကျင့်ပွဲ၊ ဘွဲ့ယူသည့်နေ့၊ဆေးပညာကောင်စီလက်မှတ်ပေးအပ်ပွဲနှင့်မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်လက်မှတ်ပေးအပ်ပွဲအတွက် ၄လက်မ×၆လက်မကို (၃၀၀၀ကျပ်) (၁၂)ပုံနှင့် ၁၀လက်မ×၁၄လက်မကို (၂၀၀၀၀ကျပ်) (၁)ပုံ ၊စုစုပေါင်း (၁၃)ပုံ၊ အခြားဘွဲ့များအတွက် ၄လက်မ×၆လက်မကို (၃၀၀၀ကျပ်) (၁၀)ပုံနှင့် ၁၀လက်မ×၁၄လက်မကို (၂၀၀၀၀ကျပ်) (၁) ပုံ ၊စုစုပေါင်း (၁၁)ပုံ ဖြစ်ပါသည်။

၅။ ရိုက်ကူးပြီးDVD(၁)ချပ်၏တန်ဖိုးမှာ(၅၀၀၀ကျပ်) ဖြစ်ပါသည်။

၆။သဟာယအဖွဲ့ဝင်များအတွက်ကိုယ်တစ်ပိုင်းပုံ၊ အဖွဲ့ပုံ ပုံကြီးတစ်ပုံစီနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သို့DVD Master(၂)ချပ်နှင့်အတူ ဘွဲ့ယူသူအားလုံး ပါဝင်သော Soft Copy ကိုပေးရမည်ဖြစ်ပါသည်။

ဓာတ်ပုံကန်ထရိုက်ရယူလိုသူများသည် အောက်ပါအချက်များကို သီးခြားစာရွက်ဖြင့် ရေးသားပြီး (၂၄.၁၁.၂၀၂၅) နေ့ နံနက် (၁၁:၀၀)နာရီ နောက်ဆုံးထား တင်ဒါတင်သွင်း ရမည်။ ၎င်းနေ့ (၂၄.၁၁.၂၀၂၅) မွန်းလွဲ (၂:၀၀)နာရီတွင် ဉာဏ်ကော်မတီနှင့် တွေ့ဆုံဆွေးနွေးပြီး အပြီးသတ်ရွေးချယ်ပါမည်။ တင်ဒါတင်သွင်းရာတွင် လူကိုယ်တိုင် လာရောက်၍ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ငွေစာရင်းဌာနသို့ တင်သွင်းနိုင်ပါသည်။

၁။ ကန်ထရိုက်ကြေးပေးနိုင်သည့်ပမာဏ၊

၂။ အသုံးပြုမည့်ကင်မရာ၊ ရိုက်ကူးမည့် ဓာတ်ပုံအရည်အသွေး (Mega Pixel)၊ ဓာတ်ပုံ စက္ကူအရည်အသွေး၊

၃။ မတော်တဆ ပုံပျက်စီးပါက ပေးလျော်နိုင်မည့်ငွေပမာဏ၊

၄။ အလှရိုက်ကူးလိုသူများအတွက် ဘွဲ့နှင်းသဘင်အထိမ်းအမှတ်ဆက်တင်ဖြင့် ရိုက်ကူးပေးနိုင်ခြင်း ရှိ/မရှိ၊

၅။ ရိုက်ကူးမည့်ဓာတ်ပုံဆရာဦးရေနှင့်တူညီဝတ်စုံဝတ်နိုင်မှုရှိ/မရှိ

၆။ နမူနာဓာတ်ပုံ၊ လုပ်ငန်းအတွေ့အကြုံနှင့်ပတ်သက်သော စာရွက်စာတမ်းများ တင်ပြနိုင်ခြင်းရှိ/မရှိ

**မှတ်ချက်။**

၁။ တင်ဒါရွေးချယ်ရာတွင် (Technical) အမှတ်နှင့် ဈေးနှုန်းအမှတ် ပေါင်းပြီးစဉ်းစားမည်။

၂။ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်နိုင်သူဖြစ်ရမည်။

၃။ လုပ်ငန်းအဆင်ပြေချောမွေ့မှုမရှိပါက နောက်နောင်ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

ခါတ်ပုံနှင့်ဗွီဒီယိုကို ကန်ထရိုက်စနစ်ဖြင့် ရိုက်ကူးလိုသူများ တစ်ဦးထက်ပို၍ တင်ဒါတင်သွင်းလာပါကအထက်ပါအချက်များကိုစဉ်းစားပြီးဓါတ်ပုံနှင့်ဗွီဒီယိုရိုက်ကူးရေးဆပ်ကော်မတီ၏ကြမ်းခင်းဈေးသတ်မှတ်ချက်နှင့်တင်သွင်းလာသူများ၏စည်းကမ်းချက်များကိုက်ညီမှုရှိ/မရှိအပေါ်မူတည်၍ရွေးချယ်ဆုံးဖြတ်ချက်သည်အတည်ဖြစ်ပါသည်။

မရှင်းလင်းသည့်အချက်များရှိပါက အောက်ပါလိပ်စာအတိုင်း ဓါတ်ပုံနှင့်ဗွီဒီယိုရိုက်ကူးရေးဆပ်ကော်မတီထံသို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

ဓါတ်ပုံနှင့်ဗွီဒီယိုရိုက်ကူးရေးဆပ်ကော်မတီ
(၃၇)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီ
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ နေပြည်တော်
၀၆၇-၃၄၁၆၆၅၈

ဖြန့်ဝေခြင်း (၁) ဓါတ်ပုံဆိုင်များ
(၂) ကြော်ငြာသင်ပုန်းများ

မိတ္တူကို (၁) ပါမောက္ခချုပ်
(၂) ဒုတိယပါမောက္ခချုပ်များ
(၃) စီမံခန့်ခွဲရေးအဖွဲ့ဝင်များ
(၄) အတွင်းရေးမှူး၊ ဓါတ်ပုံနှင့်ဗွီဒီယိုရိုက်ကူးရေးဆပ်ကော်မတီ
(၅) (၃၇) ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီ